CIVIL RIGHTS DEFENDERS

10 December 2020

# မြန်မာ့ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူမှ နှစ်စဉ်ပေးအပ် ချီးမြှင့်သော နိုင်ငံသား အခွင့်အရေးများအတွက် ကာကွယ်ရေး လှုပ်ရှားသူ ဆုရရှိ

**ဆွီဒင်နိုင်ငံအခြေစိုက်အဖွဲ့အစည်းတစ်ခုဖြစ်သော နိုင်ငံသား အခွင့်အရေးများအတွက် ကာကွယ်ရေး လှုပ်ရှားသူများ Civil Rights Defenders အဖွဲ့မှ ၂၀၂၀ခုနှစ်အတွက် ပေးအပ်ချီးမြှင့်သည့် နိုင်ငံသား အခွင့်အရေးများအတွက် ကာကွယ်ရေးလှုပ်ရှားသူဆု Civil Rights Defender of the Year Award ကို မြန်မာနိုင်ငံမှ နော်အုန်းလှအား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ယခုကဲ့သို့ နော်အုန်းလှမှ ရရှိခဲ့ခြင်းမှာ သူမ၏ နှစ်(၃၀)ကျော်ကာလအတွင်း မြန်မာနိုင်ငံ အတွင်းရှိ အဓိကရုန်းများ၊ တိုင်းရင်းသားများနှင့် လူမျိုးရေးခွဲခြားမှုများ၊ စနစ်တစ်ကျ အကွက်ချ ဖိနှိပ်မှုများ၊ နှိပ်ကွက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည်များမှ တရားမျှတမှု ပေါ်ပေါက်လာစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများရှိလာစေရေးအတွက် လှုပ်ရှားရုန်းကန် ကြိုးစားခဲ့သည်များကို အသိအမှတ်ပြုခြင်းကြောင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်။**

*“ဒီမိုကရေစီအရေးလှုပ်ရှားသူ နော်အုံးလှသည် မြန်မာနိုင်ငံရှိ အလွန်အရေးပါသော၊ အရေးကြီးသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးများအတွက် လှုပ်ရှားသူများထဲမှ တစ်ဦးအပါအဝင် ဖြစ်ပါသည်။ အောက်ခြေလူတန်းစားတက်ကြွလှုပ်ရှားသူတစ်ဦးအနေဖြင့် နှစ်ပေါင်းသုံးဆယ်ကျော် အတွင်းတွင် အကြိမ်ရေ မြောက်များစွာ အသက်အန္တရာယ် ခြိမ်းခြောက်မှုများနှင့် မျက်မြင်ကိုယ်တွေ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး သူမကိုယ်သူမ စွန့်လွှတ်အနစ်နာခံလျှက် အရဲစွန့်ကာ အသက်ရှင်နေထိုင်ခဲ့သူ တစ်ဦး ဖြစ်ပါသည်။ ယခုကဲ့သို့လုပ်ဆောင်နေရခြင်းမှာ သူမ၏ လက်ကိုင်စွဲထားသည့် အကြောင်း ရင်းများဖြစ်သော လူ့အခွင့်အရေးကိစ္စများနှင့် ဒီမိုကရေစီအရေးကိစ္စရပ်များအတွက် မဆုတ်မနစ် လှုပ်ရှားရုန်းကန်ရင်း မှန်ကန်ရဲရင့်စွာဖြင့် တိုက်ပွဲဝင်ခဲ့သူတစ်ဦး၊ အသက်ရှင်နေထိုင် ခဲ့သူတစ်ဦး ဖြစ်ပါသည်။ ယင်းကဲ့သို့ သူမ၏ ခါးသီးခက်ခဲသော ရင်ဆိုင်တွေ့ကြုံခဲ့ရသည့် အတွေ့ အကြုံများနှင့် မတရားမှုများကို အပြုံးမပျက် ဟာသအသွင်နှောလျှက် တုံ့ပြန်ပြုမူမှုများသည် အခြားသူများ အတွက် တန်ဖိုးမဖြတ်နိုင်သော လမ်းညွှန်ချက်များ၊ လုပ်ဆောင်ချက်များ၊ ခွန်အား ယူစရာများ၊ အင်အားများအဖြစ်သို့ တွန်းပို့နိုင်ခဲ့သည်။”* ဟု နိုင်ငံသားအခွင့်အရေးများ ကာကွယ်ရေး လှုပ်ရှားသူ များအဖွဲ့ကြီး၏ ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများမှ ၎င်းတို့၏ ၂၀၂၀ခုနှစ် နိုင်ငံသား အခွင့်အရေးများ

အတွက် ကာကွယ်ရေးလှုပ်ရှားသူဆုအတွက် ဂုဏ်ပြုချီးမြှင့်စာထုတ်ပြန်ရာတွင် ရေးသားဖော်ပြထားပါသည်။

နော်အုံးလှသည် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုတွင် အထင်ကရပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပြီး၊ အများလေးစား အားကျရသည့် အောင်ဆန်းစုကြည်အနီးအနားတွင် နှစ်ပေါင်းများစွာ မားမားမတ်မတ်ရပ်တည်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိတွင် မြန်မာနိုင်ငံ၏ ခေါင်းဆောင်တစ်ဦးအဖြစ်သို့ရောက်ရှိခဲ့သော အောင်ဆန်းစုကြည်သည် သူမ၏ လက်ကိုင်ထားခဲ့သော တန်ဖိုးထားမှုများ၊ စည်းမျဉ်းများ၊ မူများအားစွန့်ပစ်ပြီး တပ်မတော်နှင့် အဆင်ပြေစေရန် နေထိုင်ခဲ့သည့်အချိန်မှစတင်ပြီး၊ နော်အုံးလှသည် မိမိရပ်တည်ချက်အပေါ်တွင် လုံးဝမယိုမယွင်း၊ မပြောင်းမလဲဘဲ မားမားမတ်မတ်ရပ်တည်ကာ တိုင်းရင်းသားလူနည်းစုများ အပေါ်တွင် ဖိနှိပ် ခွဲခြားပြီး မတရားအနိုင်ကျင့်မှုများ၊ နှိပ်စက်ညှင်းပန်းမှုများ၊ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလာသော မြေယာသိမ်းဆည်းမှု များ၊ စနစ်တစ်ကျ အစီအစဉ်များဖြင့် ဖြစ်ပွားလာနေသော အမျိုးသမီးအခွင့်အရေး ချိုးဖောက်မှု များကို မရပ်မနား ဝေဖန်ထောက်ပြခြင်း လုပ်ငန်းစဉ်များကို လုပ်ဆောင်ခြင်းဖြင့် ဆက်လက်တိုက်ပွဲဝင်ခဲ့ပါသည်။

ထိုအချိန်မှစတင်ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ပွဲများ၊ အဓိကရုဏ်းများနှင့် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်ကာ၊ နှိပ်စက်ညှင်းပန်းမှုများမှာလည်း ပိုမိုဆိုးဝါး များပြားလာလျှက်ရှိပါသည်။ နိုင်ငံသားများမှာ တပ်မတော်၏ [deadly violence ](deadly violence) အသက်သေလောက်အောင် အကြမ်းဖက်မှုများအား မကြာခဏဆိုသလို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ မူစလင်လူနည်းစုများဖြစ်သော ရိုဟင်ဂျာများ မှာလည်း အကြမ်းဖက်ညှင်းပန်းနှိပ်စက်မှုများကြောင့် စုစုပေါင်း လူဦးရေ ၇၀၀၀၀၀ ကျော်ခန့်သည် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ လွန်ခဲ့သောနှစ် ယခုအချိန်တွင် အောင်ဆန်းစုကြည်သည် နိုင်ငံတစ်ကာတရားရုံးမှ မြန်မာပြည်အပေါ်သို့တရားစွဲဆိုမှုတွင် မြန်မာ့တပ်မတော်ကို ကာကွယ်ရန် defend the Burmese military အတွက် **သဟိဂ်တ်မြို့. (The Hague)** သို့ ခရီးထွက်ခဲ့ပါသည်။

နိုင်ငံသားအခွင့်အရေးများ ကာကွယ်ရေးလှုပ်ရှားသူများအဖွဲ့ကြီး၏ ဒါရိုက်တာချုပ်ဖြစ်သော **အန်ဒါစ် အယ်လ်. ပီတာဆန် (Anders L. Pettersson)** မှ *"မြန်မာပြည်မှ ခေါင်းဆောင်ကြီးသည် တိုင်းရင်းသားလူနည်းစုများ၊ အမျိုးသမီးများ၊ အခြားခွဲခြားဆက်ဆံခံရသည့် အုပ်စုများအား ယခင်ကကဲ့သို့ နားမထောင်ဘဲ မျက်ကွယ်ပြုလိုက်သော်လည်း၊ နော်အုံးလှသည် သူမ၏ ရပ်တည်ချက်များအတိုင်း ထိုသူများအတွက် သူမ၏အသံကို ကြားစေရန် ကျယ်လောင်စွာ*

10 December 2020

*ဆက်လက်ပြောဆိုပေးခြင်းဖြင့် ရပ်တည်နေဆဲဖြစ်သည်။ ယခုကဲ့သို့ လုပ်ဆောင်ချက်များသည် သူမအား အချုပ်ခန်းများသို့ပို့ဆောင်နိုင်ခြင်း နှင့် ထောင်နန်းစံနိုင်စေသည်တို့ကို သိသော်ငြားလည်း မျက်ကွယ်မပြုဘဲ အရဲစွန့်ကာ တက်ကြွစာဖြင့် ဆက်လက်တိုက်ပွဲဝင်ဆဲဖြစ်ပါသည်။* ***ထိုကဲ့သို့သော ရဲစွမ်းသတ္တိရှိမှုမျိုးကို အသိအမှတ်ပြုခြင်း ခံထိုက်ပါသည်။***" ဟုပြောဆိုခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရအား ဝေဖန်ထောက်ပြသူများ၊ အစိုးရနှင့် သဘောထားကွဲလွဲသူများ သည် ဖိနှိပ်ခံရခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ ထောင်သွင်းအကျဉ်းချခံရခြင်း၊ ပြောဆိုနေသည်များ တိတ်သွားစေရန်အတွက် ထိန်းသိမ်းခံရခြင်းများကို မကြာခဏဆိုသလို ခံနေကြရပါသည်။ နော်အုံးလှ ကိုယ်တိုင်သည်ပင်လျှင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ပွဲများ၊ ဆန္ဒပြပွဲ များတွင် ပါဝင်ခြင်း၊ အစိုးရအား ထောက်ပြဝေဖန်ရေး ထုတ်ပြန်ချက်များ၊ ရေးသားထုတ်ဝေခြင်းများ ကြောင့် arrested more than 20 times အကြိမ် (၂၀)ထက်မနည်း ဖမ်းဆီး ထိန်းသိမ်းခြင်း၊ ချုပ်နှောင်ခံရခြင်းများအား ခံခဲ့ရပြီး နှစ်ရှည်ထောင်သွင်း အကျဉ်းချခြင်း များကိုလည်း မကြာခဏ ဆိုသလိုခံခဲ့ရပြီး၊ ဆက်လက် ခံစားနေရဆဲလည်းဖြစ်ပါသည်။ ထို့ပြင် သူမသည် မြန်မာနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အတွက် တာဝန်ရှိသော အဖွဲ့.အစည်းများ အသီးသီး၏ အဆက်မပြတ် စောင့်ကြည့်ခြင်း၊ နောက်ယောင်ခံလိုက်ခြင်းများကို အစဉ်တစ်စိုက် ခံနေရပါသည်။

***"ကျွန်မအနေနဲ့ ဒီလိုဆုချီးမြှင့်ခံရတဲ့အတွက် အရမ်းဝမ်းသာပီတိဖြစ်ပြီး ပျော်ရွှင်ရပါတယ်။ ဒီဆုကကျွန်မတို့ကို ဘာပြောနေတာလဲဆိုတော့ ကျွန်မတို့တစ်တွေ အခုလုပ်နေတာတွေထက်ပိုပြီး၊ ထပ်ပြီး လုပ်ရအုံးမယ်ဆိုပြီး သတိပေးလိုက်သလိုပါဘဲ။ တစ်ချိန်ထဲမှာဘဲ ကျွန်မတို့တွေကို ပိုပြီး သန်မာလာအောင်၊ ခံနိုင်ရည်တွေရှိလာအောင် ခွန်အားတွေ၊ စွမ်းအင်တွေ ပိုထည့်ပေး၊ ဖြည့်ပေး လိုက်သလို ခံစားရပါတယ်၊ ကျွန်မတို့နဲ့ အတူတူလက်တွဲလုပ်မဲ့ လူတွေရှိနေတယ်ဆိုတဲ့ ခံစားချက်ကလည်း ကျွန်မတို့အတွက် စိတ်လုံခြုံမှု အများကြီး ရရှိစေပါတယ်။***" လို့နော်အုံးလှက ဆိုပါတယ်။

## ဆက်သွယ်ရန်

သတင်းအချက်အလက်များကို ပိုမိုသိရှိလိုလျှင်သော်လည်းကောင်း၊ (သို့) မေးခွန်း မေးမြန်းခြင်းများ ပြုလုပ်လိုလျှင်သော်လည်းကောင်း၊ ဖော်ပြပါဖုံးနံပါတ်နှင့် အီးလ်မေးလ် လိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။ press@crd.org or+46 (0)76 576 27 62.

CIVIL RIGHTS DEFENDERS

10 December 2020

## ဆုတံဆိပ်အကြောင်း

**နိုင်ငံသားအခွင့်အရေးများအတွက် ကာကွယ်ရေးလှုပ်ရှားသူ ဆုတံဆိပ်သည် နိုင်ငံသားများနှင့် နိုင်ငံရေးအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းများတွင် အများနှင့် မတူ ထူးခြားစွာလုပ်ဆောင်ခဲ့သော လုပ်ငန်းများအပေါ်တွင် ပေးအပ်ချီးမြှင့်သည့် ဆုတံဆိပ်ဖြစ်ပါသည်။ ယင်းဆုတံဆိပ်ကို နိုင်ငံသားအခွင့်အရေးများ ကာကွယ်ရေး လှုပ်ရှားသူများအဖွဲ့ကြီးမှ နှစ်စဉ် ပေးအပ် ချီးမြှင့်ပေးခြင်း ဖြစ်ပါသည်။ ဆုတံဆိပ်နှင့်အတူ မိမိတို့၏ လုံခြုံရေး၊ အသက်အန္တာရယ် များကို အမှုမထားဘဲ အရဲစွန့်ကာ နိုင်ငံသားနှင့် နိုင်ငံသားအခွင့်အရေးများအတွက် ဆက်လက် ရုန်းကန်လှုပ်ရှားနေကြသည့် ထူးခြားထင်ရှားသော လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။ ယခုချီးမြှင့်သော ဆုတံဆိပ်ပေးအပ်ချီးမြှင့်သည့် ရည်ရွယ်ချက် များနှင့် ဆုတံဆိပ်ချီးမြှင့်ရန် ရွေးချယ်ပုံအဆင့်ဆင့်အကြောင်းကို ပိုမိုလေ့လာသိရှိလိုလျှင် ယခု ဖော်ပြပါလင့်ခ်တွင် ဖတ်ရှုနိုင်ပါသည်→** here.

ယခင်က လူ့အခွင့်အရေး ကာကွယ်ရေးလှုပ်ရှားသူများ ဆုချီးမြှင့်ခံခဲ့ရဖူးသောပုဂ္ဂိုလ်များမှာ ဘယ်လ်လယ်ရပ်နိုင်ငံ၊ တူရကီနိုင်ငံနှင့် တောင်ပိုင်းဆူဒန်နိုင်ငံများမှ တက်ကြွလှုပ်ရှားသူများ ဖြစ်ကြပါသည်။ ထိုယခင်က ဆုရရှိခဲ့ဖူးသူများအကြောင်းကို လေ့လာလိုပါက ယခုဖော်ပြပါ လင့်ခ်တွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ → here.

## နိုင်ငံသားအခွင့်အရေးများ ကာကွယ်ရေး လှုပ်ရှားသူများအဖွဲ့.အစည်းအကြောင်း

Civil Rights Defenders နိုင်ငံသားအခွင့်အရေးများ ကာကွယ်ရေး လှုပ်ရှားသူများအဖွဲ့.ကြီးသည် နိုင်ငံရေးအရ သော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း အချုပ်အနှောင်မရှိဘဲ လွတ်လပ်စွာ တည်ရှိသော လူ့အခွင့်အရေးလှုပ်ရှားသည့် အဖွဲ့.အစည်းကြီးတစ်ခုဖြစ်ပြီး ဆွီဒင်နိုင်ငံ၊ စတော့ခ်ဟုမ်းမြို့တွင် ရုံးချုပ်တည်ရှိပါသည်။ အဖွဲ့.အစည်းကြီး၏ ရူပါရုံမှာ မိမိတို့၏ နိုင်ငံသား အခွင့်အရေးများ၊ နိုင်ငံရေး အခွင့်အရေးများကို ပျော်ရွှင်စွာဖြင့် ခံစားရရှိနေသော ဒီမိုကရေစီလူမှု အသိုင်းအဝိုင်းကြီးဖြင့် ပြည့်နှက်နေသည့် ကမ္ဘာကြီး တစ်ခုအဖြစ်တည်ရှိစေလိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သူတို့သည် နိုင်ငံအသီးသီးမှ ဒေသခံလူ့ အခွင့်အရေး တက်ကြွလှုပ်ရှားသူများနှင့် လက်တွဲကာ ၎င်းတို့၏ လုံခြုံရေး၊ စွမ်းဆောင်ရည်နှင့် တရားမျှတမှုများ ပိုမိုတိုးတက်လာစေရန် အတွက် ကာကွယ်လုပ်ဆောင်လျှက်ရှိသော အဖွဲ့.အစည်း ကြီးဖြစ်ပါသည်။